ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်

ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၈ – ၅ – ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဗိုလ်ချုပ်ဝင်းသိန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင် အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ အိုက္ကား-လုံသာရ်ကျေးရွာချင်းဆက် ကားလမ်း(၁၂)မိုင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ အိုက္ကား-လုံသာရ်ကျေးရွာချင်းဆက် ကားလမ်း(၁၂)မိုင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၈။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးချင်တဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ် အိုက္ကားကျေးရွာနဲ့ ဟားခါးမြို့နယ် လုံသာရ်ကျေးရွာကြား (၁၂)မိုင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ရွာချင်းဆက် ကားလမ်းဖောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့နယ် အိုက္ကားကျေးရွာသည် အိမ်ခြေ(၁၇၄)အိမ်နှင့် လူဦးရေ(၉၂၅)ဦးရှိပါတယ်။ ဟားခါးမြို့နယ် လုံသာရ်ကျေးရွာသည် အိမ်ခြေ(၁၁၀)နဲ့ လူဦးရေ(၅၆၀)ဦး ရှိပါတယ်။ အိုက္ကား - လုံသာရ်ကျေးရွာချင်းဆက်ကားလမ်း (၁၂)မိုင်ကို လမ်းဖောက်လုပ်ပေးခြင်းအားဖြင့် အိုက္ကားကျေးရွာနဲ့ လုံသာရ်ကျေးရွာမှ အိမ်ခြေ(၂၈၄)၊ လူဦးရေ(၁၄၈၅)ဦးကို တိုက်ရိုက်အကျိုးပြုမှာ ဖြစ်ပါတယ်။ အထက်ပါလမ်းကို ဖောက်လုပ်ပေးမည်ဆိုပါက ချင်းပြည်နယ် အလယ်ပိုင်းမှ ပြည်သူများ စားဝတ်နေရေးအတွက် အဓိက အားထားရာမြို့ဖြစ်သော ကလေးမြို့သို့ သွားရာတွင် အနီးဆုံးလမ်းခရီးဖြစ် ပါတယ်။ အိုက္ကား - လုံသာရ်ကျေးရွာကြား (၁၂)မိုင် ကားလမ်းပေါက်မယ်

ဆိုရင် အိုက္ကားကျေးရွာမှ ကလေးမြို့သို့ (၁၀၅)မိုင်သာ ရှိတော့မယ်ဖြစ်ပါတယ်။ အရင်က ပုံမှန် သွားနေကြလမ်းကြောင်းထက် (၆၂)မိုင် ပိုနီးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် တောင်းခံအပ်ပါတယ်။ ထို့အပြင် အိုက္ကား ကျေးရွာသို့ ကားလမ်းပေါက်ပြီဆိုလို့ရှိရင် လုံခင်း၊ လေပီး၊ ခွါဟရန်၊ နှာဟရိန်မြို့မှ အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်အထိ (၁၈)ပေအကျယ် ကားလမ်းဖောက်ပြီးဖြစ်ပါတယ်။ ကွန်တော် အနီရောင်နဲ့ ဝိုင်းထား တဲ့နေရာက ဒီလမ်းကို ဖောက်ပေးမယ်ဆိုပါက အကျိုးပြုမယ့် ပတ်ဝန်းကျင်ဒေသကို ဖော်ပြထားတာ ဖြစ်ပါတယ်။ အပြာနုရောင်နဲ့ မှတ်ထားတဲ့နေရာက အခု ကွန်တော်တင်ပြတဲ့ လမ်းဖောက်လုပ်ဖို့ နေရာဖြစ်ပါတယ်။ ဒီ အိုက္ကား-လုံသာရ် ကားလမ်းကို ဖောက်လုပ်ပေးမယ်ဆိုလို့ရှိရင် မတူပီမြို့နယ်၊ ထန်တလန်မြို့နယ်၊ ဟားခါးမြို့နယ် (၃)မြို့နယ်မှ မြို့(၂)မြို့နှင့် ကျေးရွာအုပ်စု(၈)အုပ်စု၊ အိမ်ခြေ (၂၃၉၇)အိမ်နဲ့ လူဦးရေ(၁၁၂၈၇)ဦးအတွက် အကျိုးပြုမှာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ အိုက္ကား-လုံသာရ်ကျေးရွာချင်းဆက်ကားလမ်း (၁၂)မိုင်အား လာမယ့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အိုက္ကား- လုံသာရ်လမ်း ဖောက်လုပ်ပေးပါက အကျိုးပြု ဧရိယာပြမြေပုံ (အ)



အိုက္ကား– လုံသာရ်လမ်းဖောက်လုပ်ပေးပါက အကျိုးပြု မြို့/ကျေးရွာ၊ လူဦးရေ ဇယားပြပုံ (အ–၁)

| စဉ် | အကျိုးပြုမြို့/ကျေးရွာ | အကျိုးပြုအိမ်ခြေ | အကျိုးပြုလူဦးရေ | မြို့နယ် |
|---|---|---|---|---|
| ၁ | အိုက္ကားကျေးရွာအုပ်စု | ၁၇၄ | ၉၂၅ | မတူပီမြို့နယ် |
| ၂ | ရာရှစ်ကျေးရွာအုပ်စု | ၉၈ | ၅၅၃ | မတူပီမြို့နယ် |
| ၃ | စာလ်ထောင်ကျေးရွာအုပ်စု | ၃၀၀ | ၁၇၂၀ | မတူပီမြို့နယ် |
| ၄ | ဆော်တီးကျေးရွာအုပ်စု | ၁၈၁ | ၉၃၇ | မတူပီမြို့နယ် |
| ၅ | ရေဇွာမြို့ | ၇၀၉ | ၂၉၅၀ | မတူပီမြို့နယ် |
| ၆ | နဟရိန်မြို့ | ၄၀၈ | ၁၇၈၆ | ထန်တလန်မြို့နယ် |
| ၇ | ခွါဟရန်းကျေးရွာအုပ်စု | ၂၀၄ | ၉၈၇ | ထန်တလန်မြို့နယ် |
| ၈ | လုံခင်းကျေးရွာ | ၁၃၅ | ၅၇၈ | ဟားခါးမြို့နယ် |
| ၉ | လေပီးကျေးရွာ | ၇၈ | ၂၉၁ | ဟားခါးမြို့နယ် |
| ၁၀ | လုံသားရ်ကျေးရွာ | ၁၁၀ | ၅၆၀ | ဟားခါးမြို့နယ် |
| | | | | |
| | စုစုပေါင်း | ၂၃၉၇ | ၁၁၂၈၇ | ၃ မြို့နယ် |
| | | | | |

**ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ သီလာခ့် (Tilak) ကျေးရွာနှင့် ချောန်ကျွမ်း (Chawncum) ကျေးရွာတို့ကြားရှိ ကျေးရွာချင်းဆက်ကားလမ်းကို လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ သီလာခ့် (Tilak) ကျေးရွာနှင့် ချောန်ကျွမ်း (Chawncum)ကျေးရွာတို့ကြားရှိ ကျေးရွာချင်းဆက်ကားလမ်းကို လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော် မေးတဲ့မေးခွန်းကတော့ ဟားခါးမြို့နယ်မှာရှိတဲ့ သီလာခ့် (Tilak) ကျေးရွာနှင့် ချောန်ကျွမ်း (Chawncum) ကျေးရွာတို့ကို ဆက်သွယ်ပေးထားတဲ့ ကားလမ်းက ကျဉ်းမြောင်းတဲ့အတွက်ကြောင့်မို့ ချဲ့ထွင်ပေးဖို့ ဖြစ်ပါတယ်။ အကျိုးကြောင်းအနေနဲ့ကတော့ သီလာခ့်ကျေးရွာသည် ဟားခါးမြို့ကနေ အရှေ့တောင်ပိုင်း မိုင်(၁၀၀)ခန့် အကွာ၌ရှိပြီးတော့ အိမ်ခြေအားဖြင့်(၁၀၈)အိမ်၊ လူဦးရေအားဖြင့် (၆၆၅)ဦးရှိပါတယ်။ နောက်ပြီးတော့ အဲဒီဒေသဟာ မြေဩဇာကောင်းတဲ့အတွက်ကြောင့် မြို့နားကနေ လာရောက်နေထိုင်တဲ့အတွက် လူဦးရေ အင်မတန် တိုးပွားနေတဲ့ ကျေးရွာဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးမှာရှိတဲ့ ဂန့်ဂေါမြို့နှင့် (၁၃)မိုင်ဝေးပါတယ်။ ၎င်းနှင့် အနောက်ဘက် (၁၃)မိုင်အကွာမှာ ချောန်ကျွမ်းကျေးရွာရှိပါတယ်။ ချောန်ကျွမ်းကျေးရွာတွင် အိမ်ခြေ(၁၁၀)နှင့် လူဦးရေ

(၅၇၀)ဦး ရှိပါတယ်။ ဤနှစ်ရွာကို လှည်းလမ်း (ယခုအခါ မော်တော်ကားလမ်း) ကျဉ်းကျဉ်းလေးနဲ့ ဆက်သွယ်ထားပါတယ်။ ကားငယ်များအတွက် အလွန်ကျဉ်းမြောင်းသဖြင့် တစ်ဖက်မှလာတဲ့ကားကို ရှောင်နိုင်ဖို့ အင်မတန်ခက်ခဲတဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ချောန်ကျွမ်းကျေးရွာနှင့် (၃)မိုင်အကွာမှာရှိတဲ့ အိမ်ခြေ(၃၆)နှင့် လူဦးရေအားဖြင့်(၁၇၀)ဦးရှိတဲ့ ကေဇွာ(Keizuan)ရွာရှိပါတယ်။ အဲဒီရွာနှစ်ရွာကို ဖေ့ါဗာချောင်းကြီးက ခြားထားပြီးတော့ ကြိုးတံတားရှိတဲ့အတွက်ကြောင့် သွားလာရေး၌ ပြဿနာမရှိပါဘူး။ ချောန်ကျွမ်းရွာနှင့် ကေဇွာရွာအနီးနားမှာ အိမ်နီးချင်းရွာတွေမရှိဘူး။ မြောက်ဘက် (၁၄)မိုင်ခန့်အကွာမှာရှိတဲ့ ဘုံဇုံ(Bungzung)ရွာ တည်ရှိတယ်။ မိုးရာသီမှာတော့ ချောင်းကြီးဖြစ်တဲ့ အတွက်ကြောင့် သွားလာရေး ခက်ခဲပါတယ်။ ကားလမ်း မပေါက်ပါဘူး။

အဲဒီရဲ့ အရှေ့ဘက်မှာရှိတဲ့ သီလာခွံ-ချောန်ကျွမ်း ကျေးရွာလမ်းတစ်ခုသာ အားထားရပါတယ်။ မိုးတွင်းမှာ အရေးအကြောင်းရှိတယ်ဆိုရင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နေထိုင်တဲ့ ဘုံဇုံရွာသို့ သီလာခွံ-ဂန့်ဂေါမှ သွားမယ်ဆိုလျှင်(၄၆)မိုင်ဝေးပါတယ်။ ချောန်ကျွမ်းရွာနှင့် ကေဇွာရွာတို့အပြင် သီလာခွံရွာအတွက်ပါ အဲဒီ သီလာခွံ-ချောန်ကျွမ်းလမ်းဟာဆိုရင် အင်မတန်မှ အရေးကြီးတယ်။ စားနပ်ရိက္ခာအတွက်ဖြစ်စေ၊ ဆေးဝါးနှင့်ကျန်းမာရေး အခြားကိစ္စကြောင့်ဖြစ်စေ ဂန့်ဂေါမြို့နှင့်ဆက်သွယ်တဲ့နေရာမှာ အင်မတန်မှအရေးပါတဲ့ အသက်သွေးကြောသဖွယ်ဖြစ်တဲ့အတွက်ကြောင့် ကားနှစ်စင်း ရှောင်တိမ်းနိုင်တဲ့ အနေအထားထိအောင် လမ်းတာချဲ့ထွင်ပေးရန် ဒေသခံပြည်သူများက လိုလားကြပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကို သီလာခွံ-ချောန်ကျွမ်း ရွာချင်းဆက်လမ်းကို လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့၊ တလွန်ရမ်း(ခ)စာကျက်ကျေးရွာမှ ဝေါင်သူးကျေးရွာ၊ ဓဲဖိုင်(က)ကျေးရွာမှ စာကျက်ကျေးရွာ၊ ဓဲဖိုင်(ခ)ကျေးရွာမှ ငါလန်ကျေးရွာ၊ ဟရီဖီး(ခ)ကျေးရွာမှ ဇာဘုန်ကျေးရွာ၊ အိုင်ဘူရုံးကျေးရွာမှ လုံကျွဲသဲကျေးရွာ၊ ဟရီဖီး(ခ)ကျေးရွာမှ ဝမ်ကွားကျေးရွာကြား ကျေးရွာချင်းဆက်လမ်းများအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့၊ တလွန်ရမ်း(ခ) စာကျက်ကျေးရွာမှ ဝေါင်သူးကျေးရွာ၊ ဓဲဖိုင်(က) ကျေးရွာမှ စာကျက်ကျေးရွာ၊ ဓဲဖိုင်(ခ)ကျေးရွာမှ ငါလန်ကျေးရွာ၊ ဟရီဖီး(ခ)ကျေးရွာမှ ဇာဘုန် ကျေးရွာ၊ အိုင်ဘူရုံးကျေးရွာမှ လုံကျွဲသဲကျေးရွာ၊ ဟရီဖီး(ခ)ကျေးရွာမှ ဝမ်ကွားကျေးရွာကြား ကျေးရွာ

ချင်းဆက်လမ်းများအား ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၅။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၂)နယ်မြေ တလွန်ရမ်း(ခ) စာကျက်ကျေးရွာမှ ဝေါင်သူးကျေးရွာ၊ ဇဲဖိုင်(က)ကျေးရွာမှ စာကျက်ကျေးရွာ၊ ဇဲဖိုင်(ခ)ကျေးရွာမှ ငါလန်ကျေးရွာ၊ ဟရီဖီး(ခ)ကျေးရွာ၊ ဝမ်ကွား၊ ဇာဘုန်ကျေးရွာ၊ အိုင်ဘူရ်းကျေးရွာချင်းဆက်လမ်းများ အား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရဟာ ဖွံ့ဖြိုးမှုနိမ့်ကျသော ချင်းပြည်နယ်ကို အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် ရင်ပေါင်တန်းနိုင်အောင် အဖက်ဖက်မှ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနေခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိ ဝန်ကြီးဌာနများ အပေါ် မဲဆန္ဒရှင် ပြည်သူလူထုကိုယ်စား အထူးပင် ကျေးဇူးတင်ရှိကြောင်း ဦးစွာ တင်ပြလိုပါတယ်။ တိုးတက်ဖွံ့ဖြိုး ပြီးသော ပြည်မ၊ ပြည်နယ်များနဲ့ တစ်ပြေးညီ ရင်ပေါင်တန်းရမယ်ဆိုတာဟာ လက်တွေ့နယ်ပယ်မှာ လုံးဝမဖြစ်နိုင်ပါဘူး။ အဓိကလိုအပ်ချက်ကတော့ ချမ်းသာကြွယ်ဝမှုနဲ့ ဆင်းရဲ နွမ်းပါးမှု ကွာဟခြင်းကို လျော့နည်းနိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်ပေးခြင်းသာလျှင် အဓိက လိုအပ်ချက်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ လူနေမှုဘဝနိမ့်ကျရခြင်းနှင့် ဘာသာစကားတစ်နယ်နှင့်တစ်နယ် ကွဲပြားခြားနားရခြင်း အဓိက အကြောင်းအရင်းဟာ လမ်းပန်း ဆက်သွယ်ရေးညံ့ဖျင်းမှုကြောင့် တစ်နယ်နှင့်တစ်နယ်၊ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံရေးမရှိ ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးဟာ မရှိမဖြစ် အဓိက အလိုအပ်ဆုံး ဖြစ်ပါတယ်။ ၂၀၁၆– ၂၀၁၇၊ ၂၀၁၇–၂၀၁၈၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ခွဲဝေချထားမှုကို လေ့လာစိစစ်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူသော မဲဆန္ဒနယ်အမှတ်(၁)နယ်မြေမှ ကျေးရွာများတွင်

ရန်ပုံငွေပိုမိုချထားပြီး ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ တာဝန်ယူသော ကျေးရွာများတွင် ရန်ပုံငွေရရှိမှု နည်းပါးနေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် အမှတ်(၂)နယ်မြေရှိ ကျေးရွာများမှာရှိကြတဲ့ တလွန်ရမ်း(ခ)စာကျက်ကျေးရွာမှ ဝေါင်သူးလအော်ချောင်းအထိ (၇)မိုင်၊ ဇဲဖိုင်(က)ချောင်းမှ စာကျက်ရွာအထိ (၆)မိုင်၊ ဇဲဖိုင်(ခ)မှ ငါလန်ရွာအထိ(၁၂)မိုင်၊ ဟရီဖီး(ခ)မှ ဇာဘုန်ရွာအထိ (၂)မိုင် (၄)ဖာလုံ၊ အိုင်ဘူရုံးမှ လုံကျွဲသဲ (၇)မိုင်၊ လှည်းလမ်းအား ကားလမ်းအဖြစ်လည်းကောင်း၊ ဟရီဖီး(ခ)ကျေးရွာမှ ဝမ်ကွားကျေးရွာကြား (၁၀)မိုင် ကျေးရွာချင်းဆက်လမ်းကို အသီးသီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၂၄)ပေအကျယ် တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူး တင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တိုက်ကင်းအလောင်းကျေးရွာမှ အိုရင်ဝကျေးရွာ၊ တလစာဝကျေးရွာ၊ ယီးလာဝကျေးရွာ၊ ဦးရှိန်ဝကျေးရွာ၊ ဒုံးလက်ဝကျေးရွာ၊ ဒလက်မေချောင်းဝအထိ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တိုက်ကင်းအလောင်း ကျေးရွာမှ အိုရင်ဝကျေးရွာ၊ တလစာဝကျေးရွာ၊ ယီးလာဝကျေးရွာ၊ ဦးရှိန်ဝကျေးရွာ၊ ဒုံးလက်ဝကျေးရွာ၊ ဒလက်မေချောင်းဝအထိ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ကျေးလက်ဒေသနေ ပြည်သူများ၏ သွားလာရေး လွယ်ကူစေရေးအတွက် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းကို ဖောက်လုပ်ပေးနိုင်ပါရန် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် လမ်းပန်း ဆက်သွယ်ရေးခက်ခဲပြီး အရှေ့မှ အနောက်သို့ (၅၉.၂၀)မိုင်နဲ့ တောင်မှမြောက်ဘက်သို့ (၉၈.၄၀)မိုင် ရှည်လျားသော မြို့နယ်ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း နယ်မြေကျယ်ပြန့်သည့် မြို့နယ်ဖြစ်ပြီး

ကျေးရွာပေါင်း(၃၈၄)ရွာတည်ရှိကာ တစ်ရွာနှင့်တစ်ရွာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစွာသွားလာနေရဆဲပင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါဒေသနေပြည်သူများသည် ရွှေ့ပြောင်းတောင်ယာ၊ ကိုင်းမြေနဲ့ အခြားဥယျာဉ်ခြံများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးအသက်မွေးကြပါတယ်။ တင်ပြပါကျေးရွာများဖြစ်သော တွီကင်းအလောင်းကျေးရွာ၊ အိုရင်ဝကျေးရွာ၊ တလစာဝကျေးရွာ၊ ယီးလာဝကျေးရွာ၊ ဦးရှိန်ဝကျေးရွာ၊ ဒုံးလက်ဝကျေးရွာများသည် တစ်ဆက်တစပ်တည်း တည်ရှိသောကျေးရွာများဖြစ်ပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခွင့်အလမ်းများ နည်းပါးသော ကျေးရွာများဖြစ်သည့်အပြင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးဖြစ်ထွန်းသော သီးနှံများရောင်းချရာတွင် သွားလာရေးခက်ခဲသည်မှာ ယနေ့ထိတိုင်ပင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါလမ်းပိုင်း တချို့တစ်ဝက်ကို ယခင်နှစ်များက လူထုဗဟိုပြု စီမံကိန်းများနှင့် ကျေးရွာလူထုများ ပူးပေါင်းပြီး လူသွားလမ်းဟောင်း ဖောက်လုပ်ပြီးသားလည်း ဖြစ်ပါတယ်။ အထူးသဖြင့် မိုးရာသီ ဒလက်မချောင်း ရေကြီးချိန်တွင် ဒလက်မကျေးရွာ အထက်တန်းကျောင်းသို့ ပညာဆည်းပူးလျက်ရှိသော ကျောင်းသူ၊ ကျောင်းသားများ ကျောင်းမတက်ရောက်နိုင်သည်မှာ နေ့ရက်များစွာ ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွီကင်းအလောင်းကျေးရွာမှ အိုရင်ဝကျေးရွာ၊ တလစာဝကျေးရွာ၊ ယီးလာဝကျေးရွာ၊ ဦးရှိန်ဝကျေးရွာ၊ ဒုံးလက်ဝကျေးရွာ၊ ဒလက်မချောင်းဝအထိ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်တွင် ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေး – တောကြီးမြေနီလမ်းအား ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်တွင် ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေး – တောကြီး မြေနီလမ်းအား ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်တွင် ကတိုက်ကလေး၊ ခနုကတိုက်၊ တောကြီး၊ သောင်ကြီးကျေးရွာများသည် ရန်ကုန်၊ မော်လမြိုင်လမ်းမကြီး၏ အနောက်ဘက်(၁၀)မိုင်ခန့် အကွာတွင် တည်ရှိပါတယ်။ မြောက်ဘက်တွင် ဘီးလင်းမြစ်၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် ဆက်စပ်လျက်ရှိပြီး နုစ်စဉ်သောင်နုမြေများ ပေါ်ထွန်းလျက်ရှိပြီး မြေဩဇာ အထူးကောင်းမွန်သောကြောင့် သထုံမြို့၏ စပါးကျီအဖြစ် ထင်ရှားသော ကျေးရွာများ ဖြစ်ကြပါတယ်။ လူဦးရေ (၉၀)ရာခိုင်နှုန်းသည် ဆန်စပါး စိုက်ပျိုးခြင်း၊ ပဲ/ပြောင်းသီးနှံများ စိုက်ပျိုးခြင်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။

ထွက်ပေါ်လာသော ထွက်ကုန်ပစ္စည်းများကိုလည်း အဆိုပါ ကတိုက်ကလေး - တောကြီး လမ်းဖြင့် အသုံးပြုနေရကြောင်း သိရှိရပါတယ်။ အဆိုပါလမ်းသည် ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေးရွာအထိ (၂)မိုင်(၃)ဖာလုံ၊ ကတိုက်ကလေးမှ တောကြီးရွာအထိ (၃)မိုင်(၆)ဖာလုံ စုစုပေါင်း (၆)မိုင်ခန့် ရှည်လျားသောမြေနီလမ်း ဖြစ်ပါတယ်။ နွေအခါတွင်သာ သွားလာနိုင်ပြီး မိုးရာသီတွင် လမ်းခရီးဆိုးရွားသည့်အတွက် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ကျောင်းတက်ရာတွင် အခက်အခဲရှိကြောင်း တွေ့ရှိရပါတယ်။ ထိုလမ်းမှတစ်ဆင့် ကတိုက်ကလေး၊ ခနုကတိုက်၊ တောကြီး၊ သောင်ကြီးကျေးရွာ အိမ်ခြေ(၁၁၀၀)ကျော်၊ လူဦးရေ(၆၀၀၀)ကျော်မှာ အဆိုပါလမ်းကို အားကိုး အသုံးပြုနေရကြောင်း သိရှိရပါတယ်။

ကျန်းမာရေးအနေဖြင့် အဆိုပါ ကျေးရွာများသည် ကတိုက်ကြီးကျေးလက်ကျန်းမာရေးဌာန အောက်တွင်တည်ရှိပြီး ကျေးရွာ(၁၇)ရွာ၊ အိမ်ခြေ(၃၄၉၃)အိမ်၊ လူဦးရေ(၂၁၉၀၀)ဦးကို ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ကတိုက်ကြီးကျေးလက်ကျန်းမာရေးဌာနနှင့် (၂)မိုင်ခန့်ကွာဝေးပြီး မိုးရာသီတွင် လမ်းများရေလွှမ်းတတ်သဖြင့် မြွေကိုက်လူနာများ၊ မွေးဖွားလူနာများ၊ ဝမ်းပျက်ဝမ်းလျှော ရောဂါကဲ့သို့ အရေးပေါ်လူနာများကို သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများစွာ တွေ့ရှိရပါတယ်။ အရေးကြီးတဲ့ လူနာများအနေဖြင့် အနီးဆုံး သုဝဏ္ဏဝတီတိုက်နယ်ဆေးရုံသို့ သွားရာတွင် အထက်ပါ လမ်းကို အားကိုးအားထားပြုနေရပါတယ်။ အဆိုပါလမ်းအား ကွန်ကရစ်လမ်းအဖြစ် တည်ဆောက်ပေးမည်ဆိုပါက ၎င်းကျေးရွာများတွင် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာရပါကလည်း အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်တွင် ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေး – တောကြီး မြေနီလမ်းအား ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၄။**

**ဗိုလ်ချုပ်သန်းထွဋ်ရှ (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှာရှိတဲ့ အိုက္ကား–လုံသာရ် ကျေးရွာချင်းဆက်ကားလမ်း (၁၂)မိုင်ကို ကျွန်တော်တို့ လာမည့်ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ချင်းပြည်နယ် မတူပီမြို့နယ်မှာရှိတဲ့ အိုက္ကား–လုံသာရ်ကျေးရွာချင်းဆက် ကားလမ်း(၁၂)မိုင်ကို ဆောင်ရွက်ပေးနိုင်ရေးနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့က လုပ်ငန်းတောင်းခံသူ၊ ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီဝင်၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဝင်နှင့် မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီးတော့ လမ်းအူကြောင်း ရှာဖွေခြင်း၊ အကွာအဝေးမိုင် တိုင်းတာခြင်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စေပြီး တင်ပြချက်အပေါ်မှာ မူတည်ပြီးတော့ ဒေသအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးဖြစ်ထွန်းကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံတင်ပြလာမယ်ဆိုရင် နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ဝင်ဆံ့မှုအပေါ်မူတည်ပြီး ဦးစားပေးလုပ်ငန်းစဉ်အလိုက် လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှန်အောရ် ရဲ့ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ် အတွင်းမှာရှိတဲ့ သီလာခ့် (Tilak) ကျေးရွာနှင့် ချောန်ကျွမ်း (Chawncum)ကျေးရွာတို့ကြားမှာရှိတဲ့ ကျေးရွာချင်းဆက်ကားလမ်းကို လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ လမ်းလုပ်ငန်းဟာ ယခင်က ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းလုပ်ငန်း အဆက်များတွင် ပါဝင်ခြင်းမရှိသော လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၎င်းလမ်းဟာ မိုင်မည်မျှ ရှည်လျားတယ်။ ဒေသအတွက်မည်မျှ အကျိုးရှိတယ်။ ထိုဒေသမှ အခြားမည်သည့်ဒေသများကို ဆက်သွယ်သွားလာနိုင်တယ် စတဲ့ အချက်အလက်များကို ပထမဦးစွာ ဆန်းစစ်လေ့လာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဆန်းစစ်လေ့လာဆောင်ရွက်ပြီး စီမံကိန်းမှာ တိကျစွာ ထည့်သွင်းလျာထားနိုင်ရေးအတွက် လုပ်ငန်းတင်ပြတောင်းခံသူ၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့မှတာဝန်ရှိသူများ ပူးပေါင်းပြီး ဒေသအတွက်အကျိုးပြုမှု၊ လမ်းတာချဲ့မည့် လမ်းအူကြောင်း၊ မိုင်အကွာအဝေးတို့ကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာ၊ မြို့နယ်၊ ခရိုင်နဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောထားနှင့် ထောက်ခံမှုများဖြင့် စိစစ်တင်ပြလာမယ်ဆိုလို့ရှိရင် ပြည်ထောင်စု သို့မဟုတ် ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (၅)နှစ်စီမံကိန်းမှာ ရန်ပုံငွေဝင်ဆံ့မှုအပေါ် မူတည်ပြီး လုပ်ငန်းဦးစားပေးအစီအစဉ်အရ အပိုင်းလိုက် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(၃) ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ရဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့၊ တလွန်ရမ်း(ခ) စာကျက်ကျေးရွာမှ ဝေါင်သူးကျေးရွာ၊ ဇဲဖိုင်(က) ကျေးရွာမှ စာကျက်ကျေးရွာ၊ ဇဲဖိုင်(ခ)ကျေးရွာမှ ငါလန်ကျေးရွာ၊ ဟရီဖီး(ခ)ကျေးရွာမှ ဇာဘုန်ကျေးရွာ၊ အိုင်ဘူရုံးကျေးရွာမှ လုံကျွဲသဲကျေးရွာ၊ ဟရီဖီး(ခ)ကျေးရွာမှ ဝမ်ကွားကျေးရွာကြား ကျေးရွာချင်းဆက်လမ်းများကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားပါမယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ပထမလမ်းပိုင်းဟာ စာကျက်–ဝေါင်သူးလမ်းနှင့် ဒုတိယလမ်းပိုင်းဖြစ်တဲ့ ဇဲဖိုင်(က)စာကျက်လမ်းပိုင်းတို့ဟာ ဝေါင်သူး – စာကျက် – ဇဲဖိုင်(က)လမ်းအဖြစ် တစ်ဆက်တည်း တည်ရှိပါတယ်။ စုစုပေါင်းမိုင်အရှည်က(၃၁)မိုင်ရှိပြီးတော့ ချင်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဝေါင်သူးမှ စာကျက်ကြား (၂၄)ပေအကျယ် (၅)မိုင်လမ်းတာချဲ့ခြင်းလုပ်ငန်းကို ရန်ပုံငွေလျာထားတင်ပြထားကြောင်းလည်း သိရှိရပါတယ်။

တတိယလမ်းပိုင်းဖြစ်တဲ့ ဇဲဖိုင်(ခ)ကျေးရွာမှ ငါလန်ကျေးရွာအကြား လမ်းပိုင်းဟာ လောင်တလန်–ငါလန်လမ်းခွဲမှ ဇဲဖိုင်(ခ)ကျေးရွာအထိ (၁၀)မိုင်ရှိပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေကနေပြီးတော့ ကျပ်(၆၆.၉၇၅)သန်းဖြင့် မြေသားလမ်း(၃)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်တဲ့ မေတ္တာအဏ္ဏဝါကုမ္ပဏီက လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ကျန်ရှိတဲ့ (၇)မိုင်အနက် (၅)မိုင်ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ မူလ(၁၂)ပေအကျယ်မှ (၂၄)ပေအကျယ်ထိ လမ်းတာချဲ့နိုင်ရန်အတွက် ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

စတုတ္ထလမ်းပိုင်းဖြစ်တဲ့ ဟရီဖီး(ခ)ကျေးရွာမှ ဇာဘုန်ကျေးရွာကြားလမ်းပိုင်းဟာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ လမ်းစာရင်းမှာ ရာဟူးတောင်ထိပ်မှ ဟရီဖီး(ခ)အထိ (၁/၄)မိုင်၊ ရာဟူးတောင်ထိပ်မှ ဇာဘုန်အထိ(၄)မိုင်၊ စုစုပေါင်း (၅)မိုင်(၄)ဖာလုံ ရှိပါတယ်။ Class(B)2 အဖြစ် သတ်မှတ်ထားကြောင်းလည်း သိရှိရပါတယ်။ ယခင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဇာဘုန်–ဟရီဖီး(ခ)ကြား လမ်းသစ်ဖောက်လုပ်ခြင်း (၂/၄)မိုင်နဲ့ လမ်းတာချဲ့ခြင်း(၃)မိုင်တို့ကို ဆောင်ရွက်ပေးခဲ့တာကိုသိရှိရပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိရပါတယ်။

ကျန်ရှိတဲ့ လမ်းပိုင်းများဖြစ်တဲ့ အိုင်ဘူရ်းကျေးရွာမှ လုံကျွဲသဲကျေးရွာကြား လမ်းပိုင်းနှင့် ဟရီဖီး(ခ)ကျေးရွာမှ ဝမ်ကွားကျေးရွာကြား ကျေးရွာချင်းဆက်လမ်းတို့မှာ လမ်းဖြစ်ပေါ်စေရေးအတွက် လမ်းအူကြောင်း ရှာဖွေသတ်မှတ်ခြင်း၊ လမ်းအရှည်မိုင်နှင့် မြေပြင်အနေအထား တိကျစွာ မြေပြင်ကွင်းဆင်းတိုင်းတာခြင်း၊ အမှန်တကယ်အကျိုးပြုမည့် ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေစာရင်းကောက်ခံခြင်းတို့ကို ပထမဦးစွာ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးမှ တွေ့ရှိချက်အပေါ်မူတည်၍ ဒေသအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးဖြစ်ထွန်းကြောင်း သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံတင်ပြလာပါက ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(၄) ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တွီကင်းအလောင်းကျေးရွာမှ အိုရင်ဝကျေးရွာ၊ တလစာဝကျေးရွာ၊ ယီးလာဝကျေးရွာ၊ ဦးရှိန်ဝကျေးရွာ၊ ဒုံးလက်ဝကျေးရွာ၊ ဒလက်မေချောင်းဝအထိ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာတော့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ တွီကင်းအလောင်းမှ ဒလက်မေချောင်းအထိ (၁၂)မိုင်လမ်းပိုင်းကို တစ်ကြောင်းထိုးလမ်းအဖြစ် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားကြောင်း တွေ့ရှိရပါတယ်။

အဆိုပါလမ်းပိုင်းနဲ့ တစ်ဆက်တည်းဖြစ်တဲ့ တွီကင်းအလောင်း – တွီကင်းဝ – ဘောင်ပီး – တိန်းလက်ဝ – ဆီးဖလောင်း – ပလက်ချောင်းဝလမ်းပိုင်း မိုင်(၂၀)ကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပလက်ချောင်းဝမှ တွီကင်းအလောင်းအထိ မြေလမ်း(၂၀)မိုင် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပလက်ချောင်းဝမှ တိန်းလက်ဝအထိ ကျောက်လမ်း(၅)မိုင်၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လမှာတိန်းလက်ဝမှ ဘောင်ပီးအထိ လမ်းတာချဲ့ခြင်း(၄)မိုင်တို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခု မေးမြန်းထားတဲ့ ပလက်ဝမြို့နယ်၊ တွီကင်းအလောင်းကျေးရွာမှ ဒလက်မေချောင်းဝအထိ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ အဆိုပါဒေသဟာ လက်ရှိနယ်မြေ လုံခြုံရေးအခြေအနေအရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား မြေပြင်ကွင်းဆင်းစိစစ်ပေးနိုင်ခြင်း မရှိပါသဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နယ်စပ်နယ်မြေ အေးချမ်းလာသည့်အချိန်တွင် သက်ဆိုင်ရာကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီးတော့ လုပ်ငန်းလိုအပ်ချက်နှင့် ဆောင်ရွက်ပေးသင့်သည့် လမ်းအရှည်တို့ကို ကွင်းဆင်းစစ်ဆေးပါမယ်။ စစ်ဆေးတဲ့အပေါ်မှာ မူတည်ပြီးတော့ လေ့လာစိစစ်၍ လိုအပ်သလို ရန်ပုံငွေ တင်ပြလာပါကပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(၅) ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်လင်းထွဋ် ရဲ့ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်တွင် ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေး – တောကြီး မြေနီလမ်းအား ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေး–တောကြီး–မြေနီလမ်းဟာ မြေပြင်စိစစ်ချက်အရ (၇)မိုင်ရှိပါတယ်။ ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေးအထိ (၂/၄)မိုင်လမ်းအကျယ်(၃၀)ပေ၊ ကတိုက်ကလေးမှ တောကြီးအထိ (၄/၄)မိုင်ရှိပြီး လမ်းအကျယ် (၂၀)ပေခန့်ရှိကြောင်း သိရှိရပါတယ်။ ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေးအထိ (၂/၄)မိုင်နဲ့ ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျောက်လမ်း (၁/၂)မိုင်ဆောင်ရွက်ပေးခဲ့ပြီးတော့ ယခုလက်ရှိ အနေအထားမှာလည်း ကျောက်ကြမ်းလမ်းအဆင့်ရှိတယ်လို့လည်း တွေ့ရှိရပါတယ်။ နွေရာသီမှာ သွားလာနိုင်ပြီး မိုးရာသီမှာလည်း လမ်းခရီးဆိုးဝါးသည့်အတွက် ဒေသခံပြည်သူများ သွားလာရေး ခက်ခဲလျက်ရှိကြောင်းကိုလည်း ကျွန်တော် လေ့လာဆန်းစစ်သိရှိရပါတယ်။

အဆိုပါ လမ်းအဆင့်မြှင့်တင်နိုင်ရေးနဲ့ စပ်လျဉ်းပြီး သတ်မှတ်လမ်းအကျယ် ရရှိအောင်ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ မြေယာကိစ္စများအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ခံရှင်းလင်းဆောင်ရွက်ပြီးမှသာ လုပ်ငန်းအတွက် ရန်ပုံငွေခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ လမ်းလုပ်ငန်းဆောင်ရွက်ခြင်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုလမ်းမကြီးနှင့်ဆက်သွယ်တဲ့ လမ်းပိုင်းအချို့နေရာများဟာ ပြည်သူအသုံးပြုမှုများပြားတဲ့ လမ်းဖြစ်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ပထမအဆင့် ကျောက်လမ်း၊ ဒုတိယအဆင့် ကတ္တရာလမ်းကို အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ရာသီဥတုဒဏ်ခံနိုင်ရေးအတွက် အထူးဦးစားပေး ဆောင်ရွက်

ရမည့်ဒေသတွေမှာ ကျွန်တော်တို့ ကွန်ကရစ်လမ်းများကို တိုးချဲ့ဆောက်လုပ်ပေးရမယ်ဆိုတဲ့ မူဝါဒနှင့်အညီ လမ်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

မေးမြန်းချက်ပါ ညောင်လေးပင်လမ်းခွဲမှာ ကတိုက်ကလေး - တောကြီး လမ်းပိုင်းနှင့် ဆက်စပ်လျက်ရှိသော ကျိုက်ကော် - ညောင်လေးပင်- ကတိုက်ကြီးလမ်းတွင်လည်း ကတ္တရာလမ်း အဖြစ်သာ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသဖြင့် အဆိုပါလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ သထုံ မြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်မှာ ညောင်လေးပင်လမ်းခွဲမှ ကတိုက်ကလေး - တောကြီး မြေနီလမ်းအား ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်း၍ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားစိစစ်ဆောင်ရွက်ပြီးဖြစ်သဖြင့် လတ်တလော ဆောင်ရွက် နိုင်ခြင်း မရှိပါကြောင်းနှင့် အဆိုပါ လမ်းအဆင့်မြှင့်တင်ရေးအတွက် ဒေသခံများ၊ သက်ဆိုင်ရာ အာဏာပိုင်များမှ သတ်မှတ်လမ်းအကျယ်ရအောင် အသေးစိတ်ကွင်းဆင်းလေ့လာစိစစ်၍ မွန်ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြပေးရန် လိုအပ်မည် ဖြစ်ပါတယ်။

မွန်ပြည်နယ် အစိုးရအဖွဲ့မှ ဒေသရဲ့ တင်ပြချက်အပေါ် လေ့လာစိစစ်၍ မြေယာကိစ္စများ ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း ဒေသအတွက် အကျိုးရှိ ထိရောက်မှု ဦးစားပေးအဆင့် သတ်မှတ်ချက်နှင့်အတူ လိုအပ်သလို ရန်ပုံငွေ တင်ပြလာပါက ပြည်ထောင်စု သို့မဟုတ် ပြည်နယ် ရန်ပုံငွေဖြင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက် လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းသည့် မေးခွန်း များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်း များဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ကျေးရွာအနီး ပန်းလောင်မြစ်ကူး သံကူကွန်ကရစ်တံတား တစ်စင်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည် က မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ကျေးရွာအနီး ပန်းလောင်မြစ်ကူး သံကူကွန်ကရစ်တံတားတစ်စင်းကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၆။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ ဒီကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ကျွန်မတို့ အဋ္ဌမအကြိမ် ပြည်ထောင်စုလွှတ်တော် နားရက်မှာ မြစ်သားမြို့နယ် ကိုယ်စားလှယ်ရုံးကို အိမ်ရှေ့တောင်ကျေးရွာက တောင်သူတွေနဲ့ အုပ်ချုပ်ရေးမှူး ရောက်လာပြီးတော့ တောင်သူတွေကုန်ထုတ်လမ်း လိုနေတဲ့အတွက် ပန်းလောင်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးဖို့ စာတင်ပြီးတော့ တောင်းဆိုပါတယ်။ ကျေးလက်လမ်းဦးစီးကိုလည်း စာတင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မက ကျေးလက်လမ်းဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပါတယ်။ တွေ့ရှိရတာကတော့ မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ကျေးရွာနှင့် ခရုတုတ်(အနောက်)ကျေးရွာကြားမှာ ပန်းလောင်မြစ်တည်ရှိပြီးတော့ လူကူးကြိုးတံတားပဲရှိပါတယ်။ သံကူကွန်ကရစ်တံတားမရှိပါဘူး။ အိမ်ရှေ့တောင် – ဟောင်းနွဲ့ – အုန်းကုန်း – သိမ်ကုန်း – ခရုတုတ်ကျေးရွာများမှ တောင်သူတွေဟာ စပါး၊ ငရုတ်၊ ပဲ၊ နှမ်း၊ ဝါ၊ ငှက်ပျောသီးနှံတွေ စိုက်ပျိုးကြပြီးတော့ တောင်သူသုံးပစ္စည်းတွေ မြေဩဇာ၊ ပိုးသတ်ဆေး၊ တောင်သူသုံး စက်ကိရိယာပစ္စည်းတွေ ဝယ်ယူတဲ့ အခါမှာပဲဖြစ်ဖြစ်၊ ဒေသထွက်ကုန်များရောင်းချရာမှာပဲဖြစ်ဖြစ်၊ ရန်ကုန် – မန္တလေးလမ်းပေါ်မှာရှိတဲ့ ကူမဲမြို့ကို သွားရောက်ရပါတယ်။ အိမ်ရှေ့တောင်ကျေးရွာက ကူမဲမြို့ကို (၁၄)မိုင်ခန့်ကွာဝေးတဲ့အတွက် သယ်ယူစရိတ်များပြီး အချိန်ကြာပါတယ်။ တောင်သူများ လွယ်ကူစွာကုန်မပို့နိုင်ပါဘူး။ ရွာအရောက်လာဝယ်သူတွေကို ရောင်းတဲ့အခါမှာလည်း ထိုက်သင့်တဲ့သီးနှံဈေး

မရရှိပါဘူး။ တောင်သူများ ကုန်ထုတ်လမ်းအတွက် အိမ်ရှေ့တောင်ကျေးရွာအနီးမှာ ပန်းလောင်မြစ်ကူး သံကူကွန်ကရစ်တံတား လိုအပ်နေပါတယ်။

ကျွန်မတို့ရဲ့ ကွင်းဆင်းတိုင်းတာချက်များအရ အိမ်ရှေ့တောင်ကျေးရွာနှင့် ခရုတုတ်ကျေးရွာကြားမှာ ပန်းလောင်မြစ်ကူး ကွန်ကရစ်တံတားရဲ့ အရှည်ဟာ (၁၅၀ X ၁၈ X ၁၅)ပေ ရှိပြီးတော့ ဒီတံတားသာ တည်ဆောက်ပြီးစီးသွားမယ်ဆိုလို့ရှိရင် အိမ်ရှေ့တောင်ကျေးရွာကနေပြီးတော့ ရန်ကုန် - မန္တလေးလမ်းပေါ်မှာရှိတဲ့ ကူမဲမြို့ကို (၆)မိုင် ကွာဝေးတဲ့အချိန်တိုအတွင်း ရောက်နိုင်ပါတယ်။ အဆိုပါ အိမ်ရှေ့တောင် - ပန်းလောင်မြစ်ကူးတံတားကို တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် အိမ်ရှေ့တောင်အပါအဝင် ရွာပေါင်း(၅)ရွာ၊ အိမ်ခြေ(၇၅၆)၊ လူဦးရေ(၃၃၀၄)ဦး အကျိုးပြုမည်ဖြစ်ပါတယ်။ လယ်ယာမြေများမှာလည်း ပိုးသတ်ဆေး၊ မြေဩဇာတွေကို လုံလောက်စွာ သုံးနိုင်လာမှာဖြစ်တဲ့အတွက် သီးနှံအထွက်တိုးနှုန်းတွေလည်း ပိုမိုကောင်းမွန်လာမှာပါ။ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း လွယ်ကူစွာ ကူးသန်းရောင်းဝယ်နိုင်တဲ့အတွက် တောင်သူလယ်သမားများရဲ့ စီးပွားရေး၊ ဖွံ့ဖြိုးရေး တိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေးတွေလည်း တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ကျေးရွာအနီး အိမ်ရှေ့တောင် - ခရုတုတ် - ပန်းလောင်မြစ်ကူး သံကူကွန်ကရစ်တံတားကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက်လမ်းရှိ နန့်သဘက်ချောင်းနှင့် နမ္မတီးချောင်းဆုံရာချောင်းတွင် တည်ဆောက်ထားသော ယာယီ ချောင်းကူးတံတားအစား ရာသီမရွေးသွားလာနိုင်သော သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့ က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက်လမ်းရှိ နန့်သဘက်ချောင်းနှင့် နမ္မတီးချောင်းဆုံရာချောင်းတွင် တည်ဆောက်ထားသော ယာယီချောင်းကူးတံတားအစား ရာသီမရွေးသွားလာနိုင်သော သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆီဟူးဒွေ့ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စုဟာ ကျေးရွာပေါင်း (၅)ရွာနဲ့ ဖွဲ့စည်းထားပါတယ်။ ချောင်းအရှေ့ဘက်မှာ တာလောကြီးကျေးရွာ၊ စံကင်းကျေးရွာတို့ တည်ရှိပြီး ချောင်းရဲ့ အနောက်ဘက်မှာ ခေါင်ဖူးကျေးရွာ ခေါင်ဖူးရွာသစ်နှင့် ဦးလောက်ကျေးရွာများ တည်ရှိပါတယ်။ မြစ်ကြီးနားမြို့မှ (၄၀)မိုင်၊ ဝိုင်းမော်မြို့မှ (၃၀)မိုင်ခန့် အကွာအဝေးမှာ တည်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ကျောက်ခင်းလမ်းသာ ရှိပါတယ်။ တာလောကြီးကျေးရွာအုပ်စုမှာ အိမ်ထောင်စုပေါင်း (၁၈၉၃)စု၊ လူဦးရေပေါင်း (၉၈၈၀)ဦး ရှိပါတယ်။ ကျေးရွာနေပြည်သူလူထုများဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါတယ်။ တာလောကြီး ကျေးရွာအုပ်စုရှိ ကျေးရွာများဟာ ချောင်းတစ်ဖက်တစ်ချက်တွင် တည်ရှိသောကြောင့် ကူးလူးဆက်ဆံ သွားလာရေးမှာသော်လည်းကောင်း၊ လယ်ယာလုပ်ငန်းသို့ သွားလာရာမှာသော်လည်းကောင်း ချောင်းကူးတံတားဟာ အင်မတန်မှ အရေးပါလှပါတယ်။

နွေရာသီနှင့် ဆောင်းရာသီများမှာ ဒေသခံပြည်သူများ ကိုယ်ထူကိုယ်ထ သစ်၊ ဝါးများ အသုံးပြုကာ ယာယီတံတားတည်ဆောက်ပြီး သွားလာကြပါတယ်။ အခုတော့ မိုးရာသီရောက်တိုင်း အဆိုပါ ယာယီတံတားဟာ နှစ်စဉ် ရေစီးနှင့်မျောပါသွားလျက်ရှိသဖြင့် သွားလာရေး အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ ထိုသို့ မိုးတွင်းကာလ တံတားမျောပါသွားတဲ့အခါမှာ ကျောင်းသူ၊ ကျောင်းသားများ ကျောင်းသွားကျောင်းပြန် ခက်ခဲခြင်း၊ ဘုရားဖူးပြည်သူများ သွားလာရေး ခက်ခဲခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု အခက်အခဲများအပြင် အရေးကြီးကိစ္စ ပေါ်ပေါက်လာပါကလည်း သွားလာရန် အခက်အခဲ များစွာ ကြုံတွေ့ရလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ချောင်းကူးတံတားဟာ အမှန်တကယ်ပဲ ဒေသခံပြည်သူများ အသုံးပြုလျက်ရှိသော အရေးပါတဲ့ တံတားဖြစ်တာကို တွေ့ရှိရပါတယ်။ ထို့ကြောင့် အဆိုပါ ချောင်းကူးတံတားအား ရာသီမရွေးသွားလာနိုင်အောင် တည်ဆောက်ပေးမည်ဆိုပါက ဒေသခံပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားကိစ္စရပ်များအတွက် ဖွံ့ဖြိုးတိုးတက်စေရန် အမှန်တကယ် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ထို့အပြင် ကျေးရွာချင်းဆက်လမ်းပေါ်မှာ တည်ရှိတဲ့အတွက်ကြောင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမှာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက်လမ်းရှိ နန့်သဘက်ချောင်းနှင့် နမ္မတီးချောင်းဆုံရာ ချောင်းတွင်တည်ရှိသော ယာယီချောင်းကူးတံတား အစား ရာသီမရွေးသွားလာနိုင်သော သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် တောင်ဘက်ရှိ ကန္တလီကျေးရွာသို့ ဖြတ်ကူး ရသော ဘော်ဘင်ချောင်းကူးကြိုးတံတားအား (၁၀)တန်ဝန်ခံ ခိုင်ခန့်သည့် သံကူကွန်ကရစ်တံတား အဖြစ် အသစ်ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် တောင်ဘက်ရှိ ကန္တလီကျေးရွာသို့ ဖြတ်ကူး ရသော ဘော်ဘင်ချောင်းကူးကြိုးတံတားအား (၁၀)တန်ဝန်ခံ ခိုင်ခန့်သည့် သံကူကွန်ကရစ်တံတား အဖြစ် အသစ်ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၃။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်အတွင်း၌ တက်ရောက်လျက်ရှိသူ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့ အတိုင်းပါပဲ ယခု ဇီးကုန်းမြို့နယ်ဟာ ယခင် အစိုးရလက်ထက်က ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်း ဒေသကြီး ကိုယ်စားလှယ်တို့ ရွေးကောက်ခံထားရတဲ့ ပါတီတစ်ခုရဲ့ သြဇာ၊ ဇာတိ၊ အမာခံနယ်မြေဖြစ် ပါတယ်။ ယခုအချိန်အထိလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်တစ်ဦးမှလွဲပြီးတော့ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ထပ်မံအရွေးခံရတဲ့ ထူးခြား ပြောင်မြောက်တဲ့ မြို့နယ်လည်းဖြစ်ပါတယ်။ အဲဒီ ဇီးကုန်းမြို့နယ် တောင်ဘက်မှာရှိတဲ့ ဘော်ဘင် ချောင်းကူး အန္တရာယ်ကြိုးတံတား ပျက်စီးနေပုံကို ကျွန်တော် Power Point ဖြင့် တင်ပြခွင့်ပြုဖို့ လျှောက်ထားအပ်ပါတယ်။ အဲဒီ ဇီးကုန်းမြို့ရဲ့ တောင်ဘက်မှာ ဘော်ဘင်ချောင်းရှိပါတယ်။ ချောင်းရဲ့ တစ်ဖက်ကမ်းမှာ ကန္တလီရွာကို သွားနိုင်တဲ့ ဖြတ်ကူးရတဲ့ ကြိုးတံတားကို ၁၉၉၅ – ၁၉၉၆ ခုနှစ်က ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ထားခဲ့တာဖြစ်ပါတယ်။

ကြိုးတံတားရဲ့အရှည်က (၁၈၀)ပေရှိပြီး အကျယ်က(၆)ပေ ဖြစ်ပါတယ်။ ကမ်းတစ်ဖက်မှာရှိတဲ့ သစ်သားတိုင်စိုက်ထူထားတဲ့ သံကြိုးတစ်ဖက်တစ်ချောင်းစီ သွယ်တန်းထားတဲ့ ၎င်းသံကြိုးမှာ ငါးမူးလုံးသံကြိုး ချိတ်ဆွဲပြီးတော့ အောက်ခြေဖြက် (၅)ပေ(၃)လက်မထုရှိတဲ့ သစ်သားကိုဖောက်ထွင်းပြီး (၂)လက်မပတ်လည် သစ်သားကို ဆင့်တင်ပြီး (၃)ပေ(၁)လက်မ ပျဉ်ပြားခင်းထားခြင်းဖြစ်ပါတယ်။ (၁)နှစ်(၁)ခါ သစ်သားဆင့်တန်းနဲ့ ပျဉ်ပြားများ ပြင်ပေးနေပေမယ့် ခိုင်ခန့်မှုမရှိတော့ဘဲ သွားလာလျက်ရှိတဲ့ ပြည်သူတွေဟာ အသက်အန္တရာယ် အလွန်များလှပါတယ်။ အဲဒါကြောင့် ဒီကြိုးတံတားဟာ လူကူးတံတားသက်သက်သာ ဖြစ်ပြီးတော့ မည်သည့်ယာဉ်မျှ ဖြတ်သန်းသွားလာလို့လည်း မရပါဘူး။ အဆိုပါ ကြိုးတံတားကို ဖြတ်သန်းသွားလာနေရတဲ့ လူဦးရေဟာ (၁)နှစ်လျှင် ပျမ်းမျှ(၂၀၀၀)ခန့်ရှိပြီး အိမ်ခြေပေါင်း(၃၅၀)မှ (၄၀၀)နီးပါးခန့်ရှိပြီး ကန္တလီရွာရဲ့ အားကိုးရတဲ့ လူသွားတံတားဖြစ်ပါတယ်။

ဒါ့အပြင် ကန္တလီရွာရဲ့ လယ်ယာစိုက်ပျိုးဧက (၂၀၀၀)ကျော်ရှိပြီး ဥယျာဉ်ခြံမြေဧက (၅၀၀)ကျော်ရှိပါတယ်။ ဒီကြိုးတံတားဟာ လယ်ယာသုံးစက်ပစ္စည်းများ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိလို့ လယ်ထွက်သီးနှံနဲ့ ခြံထွက်သီးနှံများ ဇီးကုန်းမြို့သို့လည်းကောင်း အဲဒီကတစ်ဆင့် သွားလာရောင်းချနိုင်မှသာလျှင် စီးပွားရေး ကောင်းမွန်လာနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ဒေသခံ ကန္တလီရွာသားများ လိုအပ်လျက်ရှိသည့် သံကူကွန်ကရစ်တံတား တည်ဆောက်ဖို့ ဆန္ဒပြင်းပြလျက်ရှိပါတယ်။ ဒါ့ကြောင့် ဒီ ဇီးကုန်းမြို့နယ် တောင်ဘက်မှာရှိတဲ့ ကန္တလီကျေးရွာသို့ ဖြတ်ကူးရတဲ့ ဘော်ဘင်ချောင်းကူးတံတားကို ဒေသခံလူထုက လမ်းဖြတ်၊ လမ်းလျှောက် ကျော်ဖြတ်တဲ့အခါမှာ ပုခက်လွဲသကဲ့သို့ လှုပ်ခါရမ်းနေတဲ့ အန္တရာယ်ကြိုးတံတားကြီး ဖြစ်နေတာကြောင့် ၎င်းအစား (၁၀)တန်ဝန်ခံ သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ကို ဒေသခံပြည်သူတို့မှ တောင်းဆိုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ဘော်ဘင်ချောင်းကူး ကြိုးတံတား မြင်ကွင်းပုံ (ကက)



ဘော်ဘင်ချောင်းကူး ကြိုးတံတား မြင်ကွင်းပုံ (ကက–၁)



ဘော်ဘင်ချောင်းကူး ကြိုးတံတား မြင်ကွင်းပုံ (ကက–၂)



**တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ယူ ဆောင်ရွက်နေသော တည်ဆောက်ရေး လုပ်ငန်းများ ဘတ်ဂျက် နှစ်စပြီး ၅လ/၆လကြာသည့်တိုင် မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ယူဆောင်ရွက်နေသော တည်ဆောက်ရေး လုပ်ငန်းများ ဘတ်ဂျက်နှစ်စပြီး ၅လ၊ ၆လ ကြာသည့်တိုင် မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကို အနည်းငယ် ရှင်းပြလိုပါတယ်။

ယနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ ကျေးလက်လမ်းတံတားတွေ၊ စာသင်ဆောင်တွေ၊ ဆေးရုံတွေ၊ ဆေးပေးခန်းတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ ကျေးလက် မီးလင်းရေးကိစ္စတွေကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီ တည်ဆောက်ရေးလုပ်ငန်းတွေကို အဓိက တာဝန်ယူပြီးတော့ တည်ဆောက်နေတာကတော့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေ ဖြစ်ပါတယ်။ ဒီ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ တင်ဒါစိစစ်ရေး ရွေးချယ်တဲ့အပိုင်းတွေနဲ့ တည်ဆောက်တဲ့အပိုင်းတွေကို တာဝန်ယူ တည်ဆောက်နေတာဖြစ်ပါတယ်။

ယနေ့ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်တဲ့အခါမှာ လိုက်နာဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို ထုတ်ပြန်ပြီးတော့ အစိုးရဌာန အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာမှာ လိုက်နာရမယ့် တင်ဒါလုပ်ထုံးလုပ်နည်းများကိုလည်း ထုတ်ပြန်ပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန်လည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဒီ တင်ဒါစည်းမျဉ်း(၁/၂၀၁၇)ကို ကျင့်သုံးပြီးတော့ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြတာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ဆိုရင် ကျွန်တော်တို့ ဘတ်ဂျက်မြင့် စတင်ခဲ့တာ (၈)လပြည့်တော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တည်ဆောက်ရေးလုပ်ငန်းတွေဟာ Foundation ကနေပြီးတော့ မတက်နိုင်ကြသေးသလို အချို့ဆိုရင် တင်ဒါလုပ်ငန်းကို မပြီးပြတ်သေးတာ တွေ့ရမှာ ဖြစ်ပါတယ်။ တင်ဒါအောင်မြင်လို့ လုပ်ငန်းစနေပြီဆိုတဲ့ ကုမ္ပဏီတွေကလည်း ကျွန်တော်တို့ လိုက်လံကြည့်ရှုစစ်ဆေးတဲ့အခါမှာ အင်ဂျင်နီယာကမရှိ၊ စက်ယန္တရားကမရှိ၊ ပန်းရံဆရာအဆင့်တောင်မရှိတဲ့ Labour တွေ ဦးဆောင်ပြီးတော့ ဆောင်ရွက်နေကြတာ တွေ့ရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ကျွန်တော့် မဲဆန္ဒနယ်မှာ စာသင်ကျောင်း(၁)ကျောင်းကို

ကျွန်တော် ဝင်ရောက်စစ်ဆေးတဲ့အခါမှာ သတ်မှတ်တဲ့ ဒီဇိုင်းတွေ Estimate စံချိန်စံညွှန်းတွေနဲ့ ပြည့်စုံမှုမရှိလို့ Foundation ကနေစပြီးတော့ ပြန်လည်တူးဖော် တည်ဆောက်စေခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော်အစိုးရအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ပွင့်လင်းရာသီ (၈)လဆက်တိုက်ကို အပြည့်အဝအသုံးချပြီးတော့ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဘတ်ဂျက်နှစ်ကိုလည်း အောက်တိုဘာလကနေပြီးတော့ စက်တင်ဘာလအထိ ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ ဘတ်ဂျက်နှစ်ပြောင်းလဲရန် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးကြတဲ့အချိန်တုန်းက တင်ဒါစိစစ်တာတွေ၊ တင်ဒါဖွင့်တာတွေ၊ တင်ဒါအောင်တဲ့ ကုမ္ပဏီတွေနဲ့ စာချုပ်ချုပ်တဲ့ကာလဟာ (၆)လ(၇)လသာကြာနေမယ်ဆိုရင် တည်ဆောက်ရေးလုပ်ငန်းတွေဟာ မိုးရာသီနဲ့တည့်တည့်တိုးမှာ သေချာပါတယ်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တင်ဒါကိစ္စနှင့်ပတ်သက်ပြီးတော့ ဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါလုပ်ငန်းဆောင်ရွက်ကြတဲ့အခါမှာ နှောင့်နှေးကြန့်ကြာနေရတဲ့ အကြောင်းအရင်းက အဓိကအားဖြင့်တော့ ဌာနဆိုင်ရာများရဲ့ စီမံခန့်ခွဲမှုအားနည်းချက်အပိုင်း Institutional Weakness ကြောင့်သာဖြစ်တယ်။ အားနည်းချက်တွေကို စီမံခန့်ခွဲမှုနည်းလမ်းနှင့် ကြပ်မတ်ဆောင်ရွက်ပြီး ကျော်လွှားရမှာဖြစ်တယ်လို့ ဖြေကြားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီနေ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တည်ဆောက်ရေး လုပ်ငန်းများဟာ အခုဆိုရင် (၈)လကြာသည့်တိုင် စတင်နိုင်ခြင်းမရှိသေးတာကိုတွေ့ရမှာဖြစ်သလို မိုးရာသီရောက်လို့ မိုးတွေလည်းရွာနေပြီ ဖြစ်ပါတယ်။ ဘတ်ဂျက်နှစ်ပြောင်းလဲခြင်းရဲ့ အနှစ်သာရကို ကျွန်တော်တို့ ဖော်ဆောင်နိုင်ခြင်းမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ယူဆောင်ရွက်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းများဟာ ဘတ်ဂျက်နှစ်စပြီးတော့ ၅လ၊ ၆လ ကြာသည့်တိုင် မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိသည်ကို မည်သို့ကြပ်မတ်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၁။**

**ဦးဟန်ဇော် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် မေးမြန်းထားတဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ကျေးရွာအနီး ပန်းလောင် မြစ်ကူးတံတားတစ်စင်း ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးပို့ထားတဲ့အချက်အလက်များနဲ့ ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ကျေးရွာအနီးရှိ ပန်းလောင်မြစ်ကူးတံတားရဲ့ လက်ရှိအခြေအနေမှာ လူကူးကြိုးတံတားဖြစ်ပြီး အကျယ်(၅)ပေသာရှိ၍ လူနှင့်မော်တော်ဆိုင်ကယ်များသာ ဖြတ်သန်းသွားလာနိုင်ပါတယ်။ အဆိုပါ တံတားကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးပါက ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၇၅၀)ကျော်နှင့် လူဦးရေ(၃၃၀၀)ကျော်တို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ကျေးရွာအနီးရှိ ပန်းလောင်မြစ်ကူးတံတားဟာ လမ်းအဆင့်သတ်မှတ်ချက် Class (B) ဦးစားပေးအဆင့်(၃)၌ ပါဝင်နေတဲ့လမ်းပေါ်မှာ တည်ရှိနေသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ပြည်ထောင်စုဘဏ္ဍာငွေမှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆီဟူးဒွေ့ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက်လမ်းရှိ နန့်သဘက်ချောင်းနှင့် နမ္မတီးချောင်း ဆုံရာချောင်းမှာ တည်ဆောက်ထားတဲ့ ယာယီချောင်းကူးတံတား အစား ရာသီမရွေး

သွားလာနိုင်တဲ့ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက်လမ်းရှိ နန့်သဘက်ချောင်းနှင့် နမ္မတီးချောင်း ဆုံတဲ့ချောင်းမှာ တည်ဆောက်ထားတဲ့ ယာယီချောင်းကူးတံတားဟာ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာနှင့် ခေါင်ဖူးဘုရားတည်ရှိရာ ခေါင်ဖူးရွာဟောင်းကျေးရွာကြား ဧရာဝတီမြစ်ကျိုးအင်း အတွင်းကို နန့်သဘက်ချောင်းနှင့် နမ္မတီးချောင်း ပေါင်းဆုံရာနေရာဖြစ်ပါတယ်။ ယခင်က ဧရာဝတီမြစ်ထဲကို ပေါင်းဆုံစီးဝင်နေပြီး အခုအခါ ဧရာဝတီမြစ်ကျိုးအင်း ဖြစ်ပေါ်လာခြင်းကြောင့် ၎င်းမြစ်ကျိုးအင်း အတွင်းသို့ ဆက်လက်စီးဝင်လျက်ရှိပါတယ်။ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာအုပ်စုမှာ အိမ်ခြေ(၁၄၄၄)အိမ်၊ ကျေးရွာလူဦးရေ(၉၄၀၀)ကျော်နဲ့ ခေါင်ဖူးဘုရားတည်ရှိရာ ခေါင်ဖူးရွာဟောင်း ကျေးရွာမှာ အိမ်ခြေ(၂၁၅)အိမ်၊ လူဦးရေ(၁၃၀၀)ကျော် မှီတင်းနေထိုင်ကြပြီး တာလောကြီးကျေးရွာနဲ့ ခေါင်ဖူးရွာဟောင်းကျေးရွာတို့မှာ ဧရာဝတီမြစ်ရဲ့ တစ်ဖက်ကမ်းဆီမှာ တည်ရှိတဲ့ကျေးရွာများ ဖြစ်ပါတယ်။ အခုအခါ ဧရာဝတီမြစ်ကျိုးအင်း ဖြစ်ပေါ်ပြီး နွေရာသီ ရေကျချိန်မှာ သဲသောင်ခုံဖြစ်ပေါ်လာ၍ ၎င်းမြစ်ကျိုးအင်းကိုဖြတ်ပြီး ကျေးရွာမှ တည်ဆောက်ထားတဲ့ လူကူးတံတားကို အသုံးပြုလျက်ရှိကြပါတယ်။ မိုးတွင်းမြစ်ရေကြီးချိန်မှာ ချောင်း(၂)ချောင်း ပေါင်းဆုံစီးဝင်တဲ့ရေနဲ့ ဧရာဝတီမြစ်ရေ ပြန်လည်စီးဝင်ချိန်မှာ မြစ်ရေမျက်နှာပြင် မြင့်တက်လာ၍ ယာယီတံတားမှာ အသုံးပြု၍ မရဘဲ ရေလမ်းမှသာ ဆက်လက်သွားလာလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာနှင့် ခေါင်ဖူးရွာဟောင်းကျေးရွာတို့ကို အကျိုးပြုသော အဆိုပါ ယာယီချောင်းကူးတံတားအစား ရာသီမရွေးသွားလာနိုင်တဲ့ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဆိုပါက တံတားအရှည်ပေ (၁၂၀၀)ခန့် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တံတားဒီဇိုင်းကို ကျွမ်းကျင်ပညာရှင်အဖွဲ့တို့နှင့် တံတားပုံထုတ်အဖွဲ့တို့မှ ဦးစွာပဏာမ ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီးတော့မှ ဆောင်ရွက်ပေးပါမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် တောင်ဘက်ရှိ ကန္တလီကျေးရွာသို့ ဖြတ်ကူးရသော ဘော်ဘင်ချောင်းကူးကြိုးတံတားအား (၁၀)တန်ဝန်ခံ ခိုင်ခံ့သည့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်တောင်ဘက်ရှိ ကန္တလီရွာကိုဖြတ်ကူးရတဲ့ ဘော်ဘင်ချောင်းကူးကြိုးတံတားအား ၁၉၆၅ - ၁၉၆၆ ခုနှစ်က တည်ဆောက်ခဲ့ပြီး ခိုင်ခံ့မှုအားနည်းလာသဖြင့် အဆိုပါနေရာ၌ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ရန် တင်ပြမှုအရ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဘော်ဘင်ချောင်းကူးတံတား တည်ဆောက်ခွင့်ရရှိခဲ့ရာ ယခင်ကြိုးတံတားအနီး တည်ဆောက်ရန် လျာထားခဲ့သော်လည်း ချောင်းကမ်းနံဘေးရှိ ဒေသခံပြည်သူများရဲ့ လယ်မြေများနှင့် အဆောက်အအုံများရှိနေတဲ့အတွက် မြေပေးနိုင်ခြင်းမရှိသဖြင့် ကန္တလီကျေးရွာနဲ့(၄)ဖာလုံခန့်အကွာမှာ နှစ်ဖက်လယ်မြေများကို ဝယ်ယူပြီး ဘော်ဘင်ချောင်းကူးတံတားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘော်ဘင်ချောင်းကူးတံတားအသစ်အား (၁၈၀x၂၄) ပေအကျယ် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၃၆၀) ကုန်ကျမည်ဖြစ်ပြီး လက်ရှိမှာ တံတားတည်ဆောက်ရန် လယ်ယာမြေပိုင်ဆိုင်သူများနှင့် အဆောက်အအုံပိုင်ဆိုင်သူများထံမှ သဘောတူညီမှုရရှိရန် လိုအပ်လျက်ရှိပါတယ်။ ၎င်းတို့ပိုင်ဆိုင်တဲ့ မြေနေရာများအားအသုံးပြုခွင့်ပေးမည်ဆိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ မေးမြန်းထားတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ယူဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများ ဘတ်ဂျက်နှစ်စပြီး (၅)လ၊ (၆)လ ကြာသည့်တိုင် မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ပေးပို့တဲ့အချက်အလက်များကို ပေါင်းစပ်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေနဲ့ဆောင်ရွက်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းများအနေနဲ့ အခြားဝန်ကြီးဌာန အဖွဲ့အစည်းများမှ အပ်နှံလာတဲ့ တည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်သမ္မတရုံးရဲ့ တင်ဒါလမ်းညွှန်ချက် (၁/၂၀၁၇)နဲ့အညီ ပစ္စည်းတင်ဒါ ခေါ်ယူခြင်း၊ လုပ်ငန်းတင်ဒါခေါ်ယူခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုမှ တာဝန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းများအနေနဲ့ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းမှာ တင်ဒါခေါ်ယူပြီးဖြစ်လို့ နောက်ကျခြင်း မရှိပါကြောင်းနှင့် နေပြည်တော်

ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်ဒါလုပ်ငန်းများ နောက်ကျရခြင်းကို အစိုးရအဖွဲ့များမှ ပေးပို့လာတဲ့အချက်များအား ပေါင်းစပ်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေနဲ့ ဘတ်ဂျက်ခွင့်ပြုငွေရရှိတဲ့လုပ်ငန်းများကို နိုင်ငံတော်သမ္မတရုံးရဲ့ တင်ဒါလမ်းညွှန်ချက် (၁/၂၀၁၇)နဲ့အညီ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ စိစစ်ခြင်း၊ ပစ္စည်းတင်ဒါနဲ့ လုပ်ငန်းတင်ဒါများအတွက် တင်ဒါကော်မတီ (၄)ရပ်ဖွဲ့စည်းခြင်း၊ နိုင်ငံပိုင်သတင်းစာများမှာ တစ်လကြိုတင်၍ တင်ဒါကြော်ငြာ ထည့်သွင်းခြင်း၊ တင်ဒါစိစစ် အမှတ်ပေးရွေးချယ်ခြင်း၊ လုပ်ငန်းတင်ဒါများ စစ်ဆေးရာမှာ Profile & Technical specification ဖွင့်ဖောက်စစ်ဆေး၍ နည်းပညာပိုင်းဆိုင်ရာ အမှတ်ပေးခြင်းအတွက် (၂)ပတ်ခန့် အချိန်ပေးရခြင်း၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရခြင်း၊ (၂)ပတ်အတွင်း Performed Guarantee ပေးသွင်း၍ စာချုပ်ချုပ်ဆိုခြင်းများဆောင်ရွက်ရန် အချိန်(၂)လမှ (၄)လအထိ ကြာမြင့်တဲ့အတွက် တင်ဒါလုပ်ငန်းစဉ် အဆင့်ဆင့်ကို စနစ်တကျဆောင်ရွက် အတည်ပြုချက်ရယူပြီး အနည်းဆုံး (၂)လမှ (၄)လအတွင်း ကြာမြင့်ပြီးမှ လုပ်ငန်းများစတင်နိုင်ခြင်းဖြစ်ပါတယ်။

အချို့လုပ်ငန်းများမှာ မြေနေရာ အတည်ပြုချက်ရယူခြင်း၊ မြေစမ်းသပ်ခြင်း၊ Pre-feasibility study လုပ်ငန်းများ ဆောင်ရွက်ရခြင်း၊ Master Plan ရေးဆွဲခြင်း၊ တံတား Alignment ရွေးချယ်ခြင်း၊ ဗိသုကာပုံစံ၊ ပုံထုတ်ပုံစံ၊ ရေသန့်နှင့် လျှပ်စစ်ပုံစံများ ဆောင်ရွက်ရခြင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် မြစ်ရေကျချိန် နိုဝင်ဘာ၊ ဒီဇင်ဘာလများ ရောက်ရှိမှသာ ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီး ပုံထုတ်ဒီဇိုင်း ရေးဆွဲဆောင်ရွက်ရခြင်း၊ နယ်နိမိတ်တိုင်းတာသတ်မှတ်ရန် လိုအပ်သည့်လုပ်ငန်းများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် ကွင်းဆင်းညှိနှိုင်း တိုင်းတာသတ်မှတ်ပြီးမှ လုပ်ငန်းများ စတင်နိုင်ခြင်းများ ရှိပါတယ်။

အချို့ ပြည်ထောင်စုဝန်ကြီးဌာနများက တိုင်းဒေသကြီး၊ ပြည်နယ်ကို တာဝန်ပေးထားတဲ့ လုပ်ငန်းများဟာ ဘတ်ဂျက်အတည်ပြုပြီး (၃)လခန့်နောက်ကျပြီးမှ တာဝန်ပေးအပ်လာခြင်း၊ Drawing & B.Q နှင့် Specification များ ပြည့်စုံမှုမရှိခြင်း၊ (Soil Test) မြေစမ်းသပ်ခြင်းလုပ်ငန်း လုပ်ပြီးမှ အဆောက်အအုံပုံစံများ ပြန်ပြီးပြောင်းရခြင်းများ ရှိပါတယ်။ သတ်မှတ်ကြမ်းခင်းဈေးထက် မြင့်မားခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံခေါင်သီသဖြင့် ဆောက်လုပ်မည့် ကုမ္ပဏီများမှ တင်ဒါဝင်ရောက်ယှဉ်ပြိုင်မှု မရှိခြင်းတို့ကြောင့် အကြိမ်ကြိမ် ပြန်လည်ခေါ်ယူ ဆောင်ရွက်ရခြင်း စတဲ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရတဲ့အတွက် အချိန်(၅)လမှ (၆)လအတွင်း ကြာမြင့်ရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

၎င်းကဲ့သို့ ကြန့်ကြာမှုများ မရှိစေရေးအတွက် လိုအပ်သောပုံစံ အချက်အလက်များ ပြည့်စုံမှသာ စနစ်တကျ တင်ဒါခေါ်ယူသင့်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု

ဝန်ကြီး တာဝန်ယူဆောင်ရွက်သည့် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ ငွေလုံးငွေရင်း ဘတ်ဂျက်မှာ ထည့်သွင်းလျာထားလိုသော တည်ဆောက်ရေးလုပ်ငန်းများကို ကြိုတင်လေ့လာ ဆန်းစစ်ခြင်း၊ ပုံထုတ်ခြင်းနဲ့ ခန့်မှန်းခြေစာရင်း ရေးဆွဲခြင်းများကို တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်မည့် ဘဏ္ဍာနှစ်မရောက်မီ (၁)နှစ်ကြိုတင်၍ ဆောင်ရွက်ပြီးမှသာ ဘတ်ဂျက် တင်ပြတောင်းခံကြရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုက်နာဆောင်ရွက်နိုင်ရေး ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သောကော်မတီဝင်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဦးအောင်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တက်ရောက်သူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန် ပေးချက်အရ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉ - ၂၃၂**

**ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်**

၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အစီရင်ခံစာကို ၁၅ - ၅ - ၂၀၁၉

ရက်နေ့မှာ အမျိုးသားလွှတ်တော်မှာ တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)၊ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)တို့က ၂၁-၅-၂၀၁၉ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ အကြံပြု ဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့က တာဝန် ရှိသည့်ပုဂ္ဂိုလ်များနှင့် ၂၃-၅-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။　လေ့လာတွေ့ရှိချက်အနေနဲ့ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်တဲ့ အခါမှာ -

(က)　ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန်အတွက် အဆိုပြု ပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂၃။ (က)　နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရသူများသည် စတင်တာဝန်မထမ်းဆောင်မီ ပြည်ထောင်စုလွှတ်တော် နာယကရှေ့မှောက်မှာ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာ ပြုရမှာ ဖြစ်ပါတယ်။

(ခ)　နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူ များသည် စတင်တာဝန်မထမ်းဆောင်မီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမှာ ဖြစ်ပါတယ်။

(ခ)　မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ပြီး ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲဇယားဖြင့် ပူးတွဲတင်ပြထားပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ကော်မတီရဲ့ သဘောထားမှတ်ချက်အနေနဲ့ တင်ပြရမည်ဆိုလျှင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ မူလတင်ပြထားတဲ့ ပြင်ဆင်ချက်များနှင့် ယခု ထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ် ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ်ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၈။**

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ မူလဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ တွင် ဖော်ပြထားသော ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ။** ။ အတည်ပြုသွားပြီ။ ခင်ဗျား ကန့်ကွက်တင်ပြ လို့မရတော့ပါဘူး။

**ဥက္ကဋ္ဌ။** ။ ဘာဖြစ်တယ်။ ခင်ဗျား မတ်တပ်ထလို့ ရမလား။ အသံကြားအောင် ပြောမှပေါ့။ ကျွန်တော်မှ မကြားတဲ့ဟာကြီးကို။

**ဥက္ကဋ္ဌ။** ။ အသံနဲ့ပဲပြောပေါ့။ ကန့်ကွက်တယ်ဆို ကန့်ကွက်တဲ့သူရှိတယ်လို့ ပြောပေါ့။ မတ်တပ်ထလို့။ ကျွန်တော်က အကုန်လုံးလိုက် ဘယ်ကြည့်နိုင်မလဲ။ ဥပဒေကြမ်း ကော်မတီက အတည်ဖြစ်ပြီးခါမှ ခင်ဗျားက။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အတည်ပြုပြီးသား ကိစ္စရပ်တစ်ခုကိုတော့ ပြန်ပြီးတော့ ဆုံးဖြတ်လို့မရတော့ပါဘူး ခင်ဗျား။ နောက်ပြီးတော့ ဒီလွှတ်တော်အတွင်းမှာလည်း ဥက္ကဋ္ဌကြီးကနေ လမ်းညွှန်ထားတာ ရှိပါတယ်။ ဆွေးနွေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဥပဒေကြမ်းကော်မတီနဲ့ ပြန်လည် ကြားနာဆောင်ရွက်ဖို့ဆိုတဲ့အခါမှာလည်း ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အပါအဝင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နောက်တစ်ခါ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များနဲ့လည်း ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ နောက်ပြီးတော့ လွှတ်တော်ကြီးကလည်း ဒါကို အတည်ပြုပြီးသားကိစ္စရပ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဟုတ်ပါတယ်။ ခုဟာ ခင်ဗျား ခုနကပြောတဲ့ သဘောမတူတဲ့သူ ရှိပါသလား ဆိုတာ ကျွန်တော်ကတော့ ခင်ဗျား ကြည့်နေမှာမဟုတ်ဘူး။ အသံပဲ နားထောင်မှာ။ ခင်ဗျား ပွင့်ပွင့် လင်းလင်းပြောပေါ့။ အတည်ပြုပြီးတော့ တူထုပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြန်လည်ပြင်ဆင်ပေးလို့ မရပါဘူး။ နောက်တစ်ပိုင်း ဆက်ပြီးတော့ ဆက်သွားမယ်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နောက်တစ်ခါ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ ရဲ့ ခြေဆင်း

နဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ) ရဲ့ ခြေဆင်း ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)(၃)(၄)တို့ကိုတော့ အဆိုပြုပြင်ဆင်ချက်အတိုင်းပဲ ဆက်လက် အတည်ပြု ပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထား သည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၃။**

**ဦးမျိုးတင့် (ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းခြင်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနဲ့ အမျိုးသားလွှတ်တော်က ဥပဒေကြမ်း ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၁၄။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် တင်သွင်းသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အဆိုကို ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် က ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက် နေ့ကို ၁၁:၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]